# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း

**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၄ ခုနှစ်၊ လ ရက်**

**(၂၀၁၃ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေစာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပုံနှိပ်စက်**ဆိုသည်မှာ ပုံနှိပ်ရန်အသုံးပြုသော အင်ဂျင်စက်၊ အီလက်ထရွန်နစ် နည်းပညာ သို့မဟုတ် လေဆာအသုံးပြု ပုံနှိပ်ယန္တရား၊ စက်ကိရိယာအသုံးအဆောင်နှင့် အခြားနည်းအသုံးပြုသော ပုံနှိပ်စက်ယန္တရားစုကို ဆိုသည်။

(ခ) **ပုံနှိပ်တိုက်**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ယင်းနှင့်သက်ဆိုင်သော စက်၊ စက်ယန္တရားစု၊ စက်ကိရိယာတန်ဆာ၊ စက်အစိတ်အပိုင်းနှင့် စာတမ်းအမှတ်အသားနှင့် ရုပ်ပုံအမြောက်အမြား ရိုက်နှိပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းတည်ရှိရာ အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဂ) **ထုတ်ဝေစာ**ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာနှင့် အီလက်ထရွန်နစ် နည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူ ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ ရိုပ်မိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာအုပ်များကို ဆိုသည်။

(ဃ) **ပုံနှိပ်သူ**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(င) **ထုတ်ဝေသူ**ဆိုသည်မှာထုတ်ဝေစာ တစ်ခုခုကိုစီးပွားရေးအကျိုးအမြတ် ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်းထုတ်ဝေသူကိုဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သောအစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(စ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာနှင့် အခြားသောမီဒီယာများသို့ အခကြေးငွေဖြင့် ဖြစ်စေ၊ အခကြေးငွေ မယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဆ) **သတင်းစာ**ဆိုသည်မှာ သတင်းများ၊ သိမှတ်စရာများ၊ အဖြစ်အပျက်များအပေါ် အစီရင်ခံချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့်မှတ်ချက်၊ လေ့လာသုံးသပ်ချက်နှင့် ဝေဖန်ချက်များ သို့မဟုတ် အများပြည်သူစိတ်ဝင်စားသည့်အကြောင်းအရာ တစ်ခုခုပါဝင်ပြီး ရောင်းချရန်ဖြစ်စေ၊ အခမဲ့ဖြန့်ချိရန်ဖြစ်စေ နေ့စဉ်ပုံနှိပ်ထုတ်ဝေသော ထုတ်ဝေစာကို ဆိုသည်။

(ဇ) **စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း**ဆိုသည်မှာ အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ အပိုင်းလိုက်သော်လည်းကောင်း၊ အမှတ်စဉ်လိုက်သော်လည်းကောင်း ထုတ်ဝေသည့် ထုတ်ဝေစာတစ်ခုခုကို ဆိုသည်။

(ဈ) **စာအုပ်**ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ထုတ်သည့်စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်းနှင့် စာရွက်များအပြင် တသီးတခြား အချပ်လိုက်ပုံနှိပ်ထားသည့် သင်္ကေတပုံ၊ မြေပုံနှင့် ပုံစံများကို ဆိုသည်။

(ည) **ဝက်ဘ်ဆိုက်ဆို**သည်မှာ အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ရယူနိုင်ရန် အင်တာနက်ကွန်ရက် အတွင်း၌ လွှင့်တင်ထားသော စာမျက်နှာကို ဆိုသည်။

(ဋ) **ညစ်ညမ်းစာ**ဆိုသည်မှာ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လိင်ကိစ္စအား သိသာစွာ၊ သွယ်ဝိုက်၍ ထင်မြင်စေနိုင်အောင် သရုပ်ဖော်သည့်ရာဂကို လှုံ့ဆော်ရာရောက်သော၊ အကျင့်ပျက်ပြားစေပြီး စာရိတ္တကို ထိခိုက်စေသော စာများ၊ ရုပ်ပုံ၊ ဓာတ်ပုံနှင့် ပန်းချီများ၊ ဖရုဿဝါစာ၊ ဆဲရေးတိုင်းထွာစာ၊ အဂါရဝ အသုံးအနှုန်း၊ ရုပ်ပုံများ ဖော်ပြခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆေးပညာအရ ဖော်ပြရန်လိုအပ်သော ကိစ္စရပ်များ မပါဝင်။

(ဌ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဝန်ကြီးဌာနက ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် သတင်းအေဂျင်စီများအား သက်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရန် ဤဥပဒေအရ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေး ဝန်ကြီးဌာနကို ဆိုသည်။

### အခန်း(၂)
### ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုခြင်း

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း၌ သတင်းအေဂျင်စီ ဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းအခြေစိုက် အဖွဲ့၊ ပြည်ပအခြေစိုက်အဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည်လည်းကောင်း မှတ်ပုံတင်အရာရှိထံတွင် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လျှောက်ထားရမည်။

၄။ ပုဒ်မ ၃ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၅။ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်း သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်းသော်လည်းကောင်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ဝန်ကြီးသည် ယင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၆။ ပုဒ်မ ၅ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသော ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် ဝန်ကြီးထံသို့ အယူခံပိုင်ခွင့် ရှိစေရမည်။

### အခန်း (၃)
### ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း

၇။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက် တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့်လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်း။

### အခန်း(၄)
### တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်း

၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ထုတ်ဝေစာကို စိစစ်တွေ့ရှိပါက တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာနိုင်သည်။

### အခန်း(၅)
### ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း

၉။ ပြည်ပမှထုတ်ဝေစာကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှထုတ်ဝေစာများကို ပြည်ပသို့ တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

၁၀။ မှတ်ပုံတင်အရာရှိသည် ဥပဒေနှင့်ဆန့်ကျင်သည့် ပြည်တွင်းသို့တင်သွင်းလာသော သို့မဟုတ် ပြည်ပသို့တင်ပို့သော ထုတ်ဝေစာများကိုတွေ့ရှိလျှင် ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ထုတ်ဝေစာကို-

(က) ပြည်ပမှ တင်သွင်းသူသည် တင်သွင်းသောထုတ်ဝေစာနှင့်ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရေအတွက်အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ် ပေးပို့ရမည်။

၁၂။ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားခြင်းမရှိသော်လည်း ပုဒ်မ ၇ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာကို မည်သူမျှပြည်တွင်းသို့ တင်သွင်းခြင်းမပြုရ။

၁၃။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိ၏ထုတ်ဝေစာမူရင်းကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၄။ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိလွှင့်တင်ဖြန့်ချိလိုသည့် သတင်းအချက်အလက်နှင့်ပုံများကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၃ နှင့် ၁၄ အရ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လွှင့်တင်ဖြန့်ချိထားသော ဝက်ဘ်ဆိုက်များသည် ပုဒ်မ ၇ ပါ သတ်မှတ်ချက်များကို လိုက်နာရမည်။

### အခန်း(၆)
### တားမြစ်ချက်များ

၁၆။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၈ အရ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားသည့် ထုတ်ဝေစာများကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၈။ မည်သူမျှ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၉။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

### အခန်း(၇)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၆)လအထိ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၃) လအထိ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၇)ရက်အထိ ချမှတ်ရမည်။

### အခန်း (၈)
### အထွေထွေ

၂၃။ ဝန်ကြီးသည် ဤဥပဒေအရ တာဝန်ဝတ္တရားများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ မှတ်ပုံတင်ဌာနကိုဖွဲ့စည်းပြီး မှတ်ပုံတင်အရာရှိကို လည်းကောင်း၊ လိုအပ်သောအရာထမ်းအမှုထမ်းများကို လည်းကောင်း ခန့်အပ်ခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းပြုနိုင်သည်။

၂၄။ (က) ဝန်ကြီးဌာနသည် မည်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုမဆို ယင်းတို့၏ ပုံနှိပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ထုတ်ဝေခြင်းလုပ်ငန်းကို ဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက် ထားရှိ၍ဖြစ်စေ၊ စည်းကမ်းချက်မထားရှိဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါထုတ်ဝေစာများနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တို့နှင့် လက်အောက်အဆင့်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(၂) ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသောသတ်မှတ်ထုတ်ဝေစာများ၊

(၃) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများ ဆောင်ရွက်ရန်သတ်မှတ်ထုတ်ဝေစာများ၊

(၄) ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက် တစ်ရပ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၅) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၆) သာရေး၊ နာရေးနှင့် ပတ်သက်သောကြော်ငြာ၊ ဖိတ်စာစသည့် သတ်မှတ်ထုတ်ဝေစာများ။

၂၅။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့် အာဏာ၊ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ အမှာစာ သို့မဟုတ် သတ်မှတ်သည့် ပုံစံတစ်ခုခုသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၆။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၏သက်တမ်းသည် သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။ ယင်းမှတ်ပုံတင် သက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးချိန်တွင် မိမိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုသက်တမ်းတိုးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ ဤဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းလိုက်သည်-

(က) THE PRESS (EMERGENCY POWERS) ACT

(ခ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။

---

**ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**